


# “မြန်မာပြည်အား ဘယ်လို ကယ်တင်၍ ရနိုင်မည်နည်း”

**The Economist, UK**
**July 22, 2005**

***မြန်မာပြည်အားဝိုင်းဖယ်ကျဉ်ထားကြခြင်းသည်နိုင်ငံတွင်းရှိ လူထုအား အထောက်အကူ မဖြစ်သောကြောင့် သဘောတူညီချက် ရနိုင့်မည့် အလားအလာများကို ရှာဖွေရန် အချိန်ဖြစ်ပေသည် ဟု အင်္ဂလန်နိုင်ငံမှ ထုတ်ဝေ*** *သော The Economist မဂ္ဂဇင်းကြီးမှ ၄င်း၏ သဘောထားအမြင်ကဏ္ဍတွင် “မြန်မာပြည်အား ဘယ်လိုကယ်တင်၍ ရနိုင်မည်နည်း” ဟူသော ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ရေးသားထားပေသည်။*

မြန်မာပြည်အပေါ်ထားရှိသော အနောက်အုပ်စု၏ မူဝါဒသည် အလုပ်မဖြစ်လှပေ။ ယခုအခါဗိုလ်ချုပ်ကြီးများကထောင်ပေါင်းများစွာသော ဆန္ဒပြလူထုကြီးအား သတ်ဖြတ်ခဲ့ကြသည်မှာ ၁၇ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး၊ ရွေးကောက်ပွဲတွင်ရှုံးနိမ့်ကာချက်ခြင်းဆိုသလို အနိုင်အရှုံးရလာဒ်ကို လစ် လျူရှုခဲ့ကြသည်မှာလည်း ၁၅ နှစ်ပြည့်မြောက်ခဲ့ပေပြီ။ယင်းအချိန်တော်တော်များများတွင် မြန်မာပြည်၏ဒီမိုကရေစီအရေးလှုပ်ရှားမှုတွင် အတုယူဖွယ်ရာရဲရဲတောက်ခေါင်းဆောင်ဖြစ်သောအောင်ဆန်းစုကြည်မှာငြိမ်းချမ်းရေးနိုဘဲလ်ဆုဟူသောဂုဏ်ထူးဝိသေသများ ရရှိခဲ့ကာအကျယ်ချုပ်ဖြင့်နေအိမ်တွင်ကန့်သတ်ခံခဲ့ရသည့် အချိန်ကများပေသည်။

မြန်မာပြည်၏ ‘အစိုးရ’ ဟူသည်မှာလည်း ကမ္ဘာပေါ်ရှိ အရည်အချင်း မပြည့်ဝဆုံးဆိုသောလူများကြားတွင်ပါရှိနေပြီး၄င်းတို့၏နိုင်ငံသားများမှာလည်းအာရှတွင်အဆင်းရဲဆုံးလူများဖြစ်လျက်ရှိနေကြကာ၊လူ့အခွင့်အရေးမှတ်တမ်းများတွင်လည်းအောက်ဆုံးဟုဆိုသော နေရာကို ရယူထားကြလျက်ရှိပေသည်။ ဘေးဖယ်ကျဉ်ထားကြခြင်းနှင့်မာမာတင်းတင်းပြောဆိုဆက်ဆံနေကြခြင်းမှာလည်း အုပ်ချုပ်နေသူများ၏ အမူအ ကျင့်အပေါ်အနည်းငယ်မျှပင်အရာထင်ခြင်း မရှိခဲ့ချေ။ထိပ် တန်း ဗိုလ်ချုပ်ကြီးသန်းရွှေဆိုသူမှာလည်းဒေါ်အောင်ဆန်းစုကြည်၏အမည်ကိုကြားယုံမျှနှင့်ပင်ပြောလက်စ စကားကို ဖြတ်ပစ်လိုက်သည်ဟုအဆိုရှိပေသည်။

သို့သော် အရှေ့အုပ်စု၏ မူဝါဒ သည်လည်း အလားတူ အလုပ်မဖြစ်လှပေ။ ယင်းတို့သည်မြန်မာပြည်အားကျဉ်မထားကြပဲဆက်ဆံခဲ့ကြပြီးဖြစ်သည်။ ရရှိခဲ့သည့်ရလာဒ်ကား ထုထည်ကြီးမားလှပေ၏၊ မြန်မာပြည်၏ စွမ်းအင်ကဏ္ဍတွင်လာရောက်ရင်းနှီးမြှုပ်နှံကြခြင်း၊ ဒေသအတွင်းထိပ်တန်းအသင်းကြီး ဖြစ်သော၊ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့သို့ဝင်ရောက်ခွင့်ရရှိ ခြင်း၊ ကုန်သွယ်ရေးမှစ၍ယဉ်ကျေးမှုဖလှယ်ရေးအထိ အရာရာတိုင်းနီးပါးတွင် ပုံမှန် ဆွေးနွေးဆက်သွယ်ဆောင်ရွက်နိုင်ခြင်းအစရှိသည်တို့ ဖြစ်ကြပေသည်။

ယင်းတို့အနက် တစ်ခုကမှ ဗိုလ်ချုပ်ကြီးများထံမှလိုက်လျောမှုရအောင် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ချေ။ တရုတ် အနေဖြင့် ယင်းအတွက် ဂရုထားခြင်း မရှိလှသော်လည်း၊ အိန္ဒိယ နှင့် အင်ဒိုနီးရှားတို့ကမူထိုကဲ့သို့ မဟုတ်ကြပေ။အာဆီယံခေါင်းဆောင် များယခုအပါတ် လာအိုတွင် စုဝေးကြသည့်အခါ ၄င်းတို့၏ ချဉ်းကပ်မှုသည် အဘယ်မျှလောက် စိတ်အနှောက်အယှက် ဖြစ်ရသည်ကို သိသာရှင်းလင်းသွားပေလိမ့်မည်။ ယခုနှစ်ကုန်တွင် မြန်မာ အနေဖြင့် အာဆီယံ၏ အလှည့်ကျ သဘာပတိ ရာထူးကို ယူရန် ရှိနေပြီး၊ ယင်းသည် အပြည်ပြည်ဆိုင်ရာတွင် ရယ်စရာတခုကဲ့သို့ ဖြစ်နေသောကြောင့်အခြားအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဗိုလ်ချုပ်ကြီးများ အနေဖြင့် မဖြစ်မနေစွန့်လွှတ်ရလေအောင် အပြင်းအထန် နားချနိုင်ပါမှ ၄င်းတို့၏ သိက္ခာကို ပြန်လည်ဆည်နိုင်မည် ဖြစ်သည့်အပြင် အစည်းအဝေးကို မတက်ရောက်ကြပဲ သပိတ်မှောက်ကြမည့် အရေးမှလည်း ရှောင်ကွင်းနိုင်ကြပေလိမ့်မည်။ ယခုအထိ ယင်းကိစ္စတွင် အောင်မြင်မှု မရသေးပေ။

ချဉ်းကပ်မှုနှစ်ခုလုံးသည်တစ်ခုနှင့်တစ်ခုအပြန်အလှန်ချေဖျက်နိုင်သည့် ပြဿနာက ရှိနေသည်။ အနောက်အုပ်စု၏စီး ပွားရေးအရ အရေးယူမှုများအားအရှေ့အုပ်စုနိုင်ငံကြီးများက

အလွယ်တကူ လစ်လျူရှုခဲ့ကြလျှင် ယင်းသည် အောင်မြင်ရန် ခက်ခဲလှမည့် အနေအထားတွင် ရှိနေပေသည်။ အနောက်အုပ်စုထဲတွင်ပင် ဥရောပနှင့် အမေရိကန်တို့ နည်းဗျူဟာများ တွင် တူညီချင်း မရှိလှကြောင်း တွေ့ရပေသည်။ အမေရိကန်မှ မြန်မာနှင့် ဘဏ်လုပ်ငန်းချင်းဆက်သွယ်ဆောင်ရွက်မှု များ အား ပိတ်ပင်ထားသော်လည်း၊ ဥရောပရှိ ဘဏ်များကမူမြန် မာပြည်၏ စီးပွားရေးအသက်သွေးကြောများကိုဆက်လက် ထောက်ပံ့လျှက်ရှိနေကြသည်။

မြန်မာအား အပါယ်ခံနိုင်ငံအဖြစ်ဆက်လက် ရှုမြင်နေကြပါ ကလည်း ဆက်သွယ်ဆောင်ရွက်နေကြခြင်းများကိုလည်းအဟန့်အတားတရပ် ဖြစ်စေနိုင်ပေသည်။ သို့သော်လည်း ယင်းတို့ ထက်ပို၍အခြေခံကျသော ပြဿနာတရပ်က ရှိနေသည်။ ၎င်း မှာ မည်သူကမှ မြန်မာပြည်အား လေးလေးနက်နက်ထည့် သွင်းမစဉ်းစားကြခြင်းဆိုသော ပြဿနာပင်ဖြစ်သည်။ အစိုး ရနှင့် ပါတ်သက်၍ ၎င်းတို့၏ သဘောထားက မည်သို့ပင်ရှိစေ နိုင်ငံအများစုက မြန်မာပြည်အားလတ်တလောမဟာဗျူဟာ အရ အရေးပါသည်ဟု ယူဆရမည့်အစားအပြောင်းအလဲမရှိ ခေတ်နောက်ကျလျှက်ရှိနေဆဲနိုင်ငံတနိုင်ငံအဖြစ်သဘောထားလျှက် ရှိနေကြခြင်းပင် ဖြစ်သည်။ ယင်းသည် အမှားတ ရပ်ဖြစ်ပေသည်။ တစ်ခုသိထား ရမည်ကား မြန်မာပြည်သည် ကမ္ဘာတွင် ဒုတိယမြောက် ဘိန်းဖြူ အကြီးအကျယ် ထုတ်လုပ်နေသောနိုင်ငံတခုဖြစ်သည့်အပြင် မူးယစ်ဆေးဝါး၊ ဒုက္ခသည် များနှင့် ရောပါပိုးများကို အိမ်နီးချင်း နိုင်ငံများတင်မကအ ခြားနိုင်ငံများသို့ပါပျော်ပျော်ကြီးတင်ပို့နေသည် ဆိုခြင်းပင်ဖြစ်သည်။ နိုင်ငံအတွင်း ဖြစ်ပေါ်နေသော ပုန်ကန်မှုများသည် ထိုင်း၊ အိန္ဒိယနှင့်ဘင်္ဂလားဒက်ရှ်တို့ထံပုန်မှန်ကူးစက်လျှက်ရှိနေကြဆဲဖြစ်သည်။ အိန္ဒိယသမုဒ္ဒရာထဲတွင်တစ်ခုတည်းသောတရုပ်ရေတပ်အခြေစိုက်စခန်းတစ်ခုအားလက်ခံထားရှိပြီးအာရှ၏ အင်အားကြီးနိုင်ငံ နှစ်ခုကြား ကြီးထွားလာလျှက်ရှိသောယှဉ်ပြိုင်နေမှုကြားတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေပေသည်။ ၎င်းတို့၌သဘာဝဓါတ်ငွေ့များ အလုံပါယ်ရှိနေ ပြီး၊ လောလောဆယ် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက် ရှိ နေပြီး၊ နောက်ထပ်ဈေးကွက်ချဲ့ထွင်ရန်လည်းကြံစည်လျက်ရှိသည်။ပို၍တညီတညွတ်တည်း ဆက်စပ်မှုရှိသော ပေါ်လစီတခုအားချမှတ်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါကယင်းတို့အ နေဖြင့်၎င်း အစိုးရအပေါ် သြဇာသက်ရောက်နိုင်မည့် မျှော်လင့် ချက်မရှိသလောက် ဖြစ်နေအုံးမည် ဆိုသည်ကို ကမ္ဘာအနေဖြင့် အသိအမှတ်ပြုရန်လိုအပ်ပေသည်။ ယင်းပေါ်လစီသည် ဗိုလ်ချုပ်ကြီးများအားအချို့သောကဏ္ဍများတွင်အတိုင်းအတာတခုလောက်အထိအလျှော့ပေးကောင်းပေးရပေလိမ့်မည်။

အစပိုင်းအနေဖြင့်အနည်းဆုံးအမေရိကန်နှင့်ဥရောပတို့ပူးပေါင်းဆောင်ရွက်သင့်ကြသည်။ ပိုမိုကောင်းမွန်စွာအုပ်ချုပ်မှုရှိသော မြန်မာပြည်ဖြစ်ခဲ့ပါက အားလုံး၏အကျိုးစီးပွားအတွက်ပို၍ကောင်းလိမ့်မည်ဆိုသည်ကို အာရှရှိ ၎င်းတို့၏မ ဟာမိတ်များသဘောပေါက်နားလည်ရန် ပိုမိုကြိုးစားကောင်းကြိုးစားရလိမ့်မည ဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့်လည်းပို၍တက်ကြွသော ကဏ္ဍမှ ဆောင်ရွက်သင့်သည်။ ဗိုလ်ချုပ်ကြီးများနှင့်၎င်းတို့အကြား မရှိသလောက်ဖြစ်နေ သော စေ့စပ် ဆွေးနွေးမှုများအားပြန်လည်အဆင်ပြေ ချောမွေ့ စေရေး အ တွက် တာဝန်ရှိသော ၎င်း၏အထူးသံတမာန်အား နိုင်ငံ အ တွင်း ဝင်ရောက်ခွင့် ပြုရေးအတွက်ကုလသမဂ္ဂအနေဖြင့်ယခုလတ်တလောတွင်အစိုးရအားတောင်းပန်တိုးရှိုးကောင်းတိုးရှိုးရလိမ့်မည် ဖြစ်သည်။

သို့သော်ငြားလည်း အမှန်တကယ် အောင်မြင်မှုရရှိရန်အတွက် အနောက်နှင့်အရှေ့၏ ချဉ်းကပ်မှုများအားပေါင်းစည်းပေးရပေလိမ့်မည်။ အာဆီယံအနေဖြင့် ဗိုလ်ချုပ်ကြီးများအား အပြစ်ဒဏ်ခတ်ရန် မတုံ့နှေးသင့်သလို ကျန်ရှိသည့် အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းမှလည်းယင်းတို့ပြုလုပ်မည့်အပြုသဘောဆောင်သော မည်သည့်ဆောင်ရွက်မှု မျိုး ကိုမဆို ဆုလာဒ်များချီးမြှင့်ရန်မှလည်း မရှောင်ရှားသင့်ပေ။ စစ်အစိုးရမှ ဒီမိုကရေစီအစိုးရ ဖြစ်ပေါ်လာရေးအတွက်လမ်းဖွင့် မပေးမချင်း လောလောဆယ်အမေရိကန်ကဲ့သို့သောနိုင်ငံများ အနေဖြင့် မြန်မာပြည်အားဖိအားပေးနေခြင်းအားလျှော့ချပြစ်လိမ့်မည်မဟုတ်ဆိုသည်ကို ၎င်းတို့သိရှိထားရန်မဖြစ်မနေပြောဆိုရပေလိမ့်မည်။

အကန့်အသတ်မရှိ ရွှေ့ဆိုင်း၍မဖြစ်သော အလွန်မရည်မှန်းချက် မျိုးထားရှိသင့်ပါသည်။ ပြင်ပလူများအနေဖြင့်ဗိုလ်ချုပ်ကြီးများမည်သို့ပြုလုပ်ဆောင်ရွက်ရမည်ကိုတိတိကျကျထုတ်ဖေါ်ချပြခြင်းကြောင့် ထိခိုက်နစ်နာမှု မရှိနိုင်ချေ။သူတို့အနေဖြင့်မည်မျှလျှင်မြန်စွာ ပြုလုပ်ဆောင်ရွက်သင့်ကြသည်၊အဆင့်တိုင်းတွင်လိုက်လျောခြင်းကြောင့် မည်သည့်အကျိုးများ ရရှိနိုင် သည်၊ ငြင်းဆန်အာခံခြင်းကြောင့် ဘယ်လိုအကျိုးဆက်များ ရရှိနိုင်သည်အစရှိသည်တို့ ဖြစ်သည်။

ဥပမာအားဖြင့် အကယ်၍အောင်ဆန်းစုကြည်ကိုလွှတ်ပေးခဲ့ ပါကသံတမာန်ဆက်ဆံရေး အပြည့်အဝ ပြန်လည်ထားရှိရန်

နိုင်ငံခြားတိုင်းပြည်များအနေဖြင့်သဘောတူကောင်းတူရပေလိမ့်မည်။ နောက်တခုအနေဖြင့်တိုင်းပြည်၏စစ်ဖြစ်နေသောဒေသများတွင်ထိရောက်သော အပြစ်အခတ်ရပ်စဲမှုများပြုလုပ်ခဲ့ပါကအကူအညီများအုံနှင့်ကျင်းနှင့်ပေးနိုင်ရမည်၊ ထိုနောက်ပိုင်းစစ်အစိုးရမှ အာဏာခွဲဝေရေးအားအတိုက်အခံများနှင့်သဘောတူညီချက်ပုံစံမျိုးရရှိအောင်ပြုလုပ်နိုင်ခဲ့ပါကစီးပွားရေးပိတ်ဆို့အရေးယူမှုအား ရပ်စဲမည်ဟုကမ်းလှမ်းနိုင်ရမည်။

မည်သည့်လိုက်လျောမှုမျိုးမဆို ဗိုလ်ချုပ်ကြီးများအား ၄င်း တို့၏ ခေါင်းမာမှုများအတွက် ဆုလာဘ် ချီးမြှင့်သလိုမျိုး ဖြစ်နေလိမ့်မည်ဖြစ်ပြီး၊ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းတလျှောက်တွင်အဆင့်တိုင်းမက်လုံးများပေးကာ ဈေးဆစ်သလိုမျိုးပြုလုပ်နေရလိမ့်မည်ဟုသဘောထားတင်းမာခက်ထန်သောအစိုးရအတိုက်အခံများက မကျေမနပ် ငြီးတွားပေလိမ့်မည်။ သို့သော်အခြားနည်းဖြစ်သည့် ဗိုလ်ချုပ်ကြီးများအနေဖြင့်လုံးဝအညံ့ခံလိုက်လျောရမည်ဟုအတင်းအကျပ် ပြောဆိုခဲ့ခြင်းမျိုးသည်ပြီးခဲ့သည့် ၁၅ နှစ်တာကာလတလျှောက်လုံးမည်သို့မျှမဖြစ်ခဲ့သည်ကို ၄င်းတို့အနေဖြင့်တိတိလင်းလင်းသဘောပေါက်ခဲ့ကြပြီးဖြစ်လောက်ပေပြီ။ မည်သည့်ခြေလှမ်းမျိုးမဆိုနောက်ပြန်ဆုတ်၍ မဖြစ်နိုင်သောအခြေအနေမျိုး ဖြစ်ရလိမ့်မည်ဖြစ်ပြီး၊ဗိုလ်ချုပ်ကြီးများအနေဖြင့် နောက်ပြန်ဆုတ်ခဲ့မှုမျိုး ပြုလုပ်လာပါကလည်းနိုင်ငံခြားအစိုးရများမှ အခြားအပြစ်ဒဏ်ခတ်နိုင်ရမည့်နည်းလမ်းများ အမြောက်အမြား ရှိလိမ့်မည်ဖြစ်ပေသည်။ဒေါ်အောင်ဆန်းစုကြည် ကိုယ်၌ကပင်အပြောင်းအလဲမရှိဒါမှဒါပဲဟူသောချဉ်းကပ်မှုမျိုးသည် လက်တွေ့မကျကြောင်းကို ဝန်ခံခဲ့ပြီးဖြစ်သည်။ သူမအနေဖြင့်လည်း လူကိုယ်တိုင်ဗိုလ်ချုပ် ကြီးများနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။ပြင်ပရှိသူမ၏လုပ် ဖေါ်ကိုင်ဖက်များကလည်း မြန်မာပြည်သူများအတွက်အကျိုးကျေးဇူးရှိမည်ဆိုလျှင် မည်သည့်လိုက်လျောအပေးအယူ လုပ်မှု မျိုးကိုမဆိုသဘောတူကောင်းတူလိမ့်မည်ဟု အရိပ်အမြွက် ပြောဆိုခဲ့ကြပြီးလည်းဖြစ်သည်။ နိုင်ငံရေးအရ ပြုပြင်ပြောင်း လဲမှုများအပြင်၊ အစိုးရ၏ လွန်စွာမှပင်အောင်မြင်မှုမရှိ ဖြစ် နေသော စီးပွားရေးစီမံဆောင်ရွက်မှုများတွင်တိုးတက်မှုရရှိလာခြင်း၊ AIDS ရောဂါကြောက်မက်ဖွယ်နှုန်းဖြင့် ပျံ့နှံ့နေခြင်းကို တားဆီးနိုင်ခဲ့ခြင်း နှင့်အဆုံးအဆမရှိ ဖြစ်ပွားနေသောပျောက်ကျားစစ်ပွဲများရပ်စဲအောက်ပြုလုပ်ပေးနိုင်ခဲ့ခြင်းများသည်မြန်မာလူထုအတွက်အလွန်တရာပင်အကျိုးကျေးဇူးဖြစ်ပေါ်လာ မည်ဆိုသည်ကိုကားသံသယဖြစ်ဖွယ်မရှိပေ။ကမ်းလှမ်းမှုများ သည် မည်မျှပင်ရက်ရက်ရောရောဖြစ်နေပါစေ ဗိုလ်ချုပ်ကြီးများ အနေဖြင့်လစ်လျူရှုကောင်းရှုကြအုံးမည် ဆို သည့် အလားအလားများလည်းရှိပါသည်။ မြန်မာပြည်အား အနီးကပ်လေ့လာစောင့်ကြည့်နေသူအချို့ကယင်းသည်အ ဖြစ်နိုင်ဆုံးဟုခန့်မှန်းကြပါသည်။

သဘောထားတူညီသောအုပ်စုတစ်ခုကဗိုလ်ချုပ်ကြီးများမှမည်သည့်ဆုပေးဒဏ်ပေး လုပ်ရပ်မျိုးမဆိုတုံ့ဏှိဘာဝေသာလျှင်ရှိကြပေလိမ့်မည်ဟုဆိုပါသည်။ ၁၉၆၂ မှ ၁၉၈၈ ထိအုပ်ချုပ်လာ ခဲ့သော အာဏာရှင် နေဝင်း၏သီးခြား ထီးထီး ရပ်တည်နေနိုင်ရေးဆိုသောအတွေးအခေါ်များက စစ်အစိုးရ၏ခေါင်း ထဲတွင်စွဲနေပြီလည်း ဖြစ်သည်။

မြို့တော်ရန်ကုန်အားပြင်ပမှကျူးကျော်သူများကတနည်းမဟုတ်တနည်းသိမ်းပိုက်ကောင်းသိမ်းပိုက်နိုင်သည်ဟူသောစိုးရိမ်စိတ်ဖြင့် မြန်မာပြည်အလယ်ပိုင်းရှိ ဝေးလံခေါင်ဖျားသောဒေသတွင်မြေအောက်ဌာနချုပ်တစ်ခုတူးဖေါ်တည်ဆောက်နေကြသည်မှာလည်းလွန်စွာမှပင်အကျိုးအကြောင်းမဆီ လျော်သော စိုးရိမ်သံသယ ဖြစ်နေမှုဟုဆိုရမည်သာဖြစ်သည်။ စစ်မှန်သော ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာရန်အတွက် တ ဆင့်ပြီးတဆင့်ပုံစံမျိုးဖြင့်သတိကြီးစွာဆက်သွယ်ဆောင်ရွက်ပါကပိုမိုအကျိုးကျေးဇူးရရှိအောင်ပြုလုပ်နိုင်ပါသည်။ ဗိုလ်ချုပ်ကြီးများမှအကြံပေးသည့်အတိုင်းပြုလုပ်ရန်လို လားမှုရှိပါကကြိုးစားကြည့်သင့်လှပေသည်။